**YOMA BANK**
The Responsible Bank.

# Digital Account Linkage and Cash In and Cash Out

**FAQs**

**between Yoma smart Account and WavePay App**

## ၁။ ဒစ်ဂျစ်တယ် အကောင့် ချိတ်ဆက်အသုံးပြုခြင်း ဆိုတာ ဘာလဲ။ အရင်က အကောင့် ချိတ်ဆက်အသုံးပြုခြင်းနဲ့ ဘာကွာသလဲ။
## What is the digital account linkage and what is the difference with previous account?

ဒစ်ဂျစ်တယ် အကောင့် ချိတ်ဆက်အသုံးပြုခြင်းဆိုသည်မှာ WavePay App အသုံးပြုသူများအနေနဲ့ ဘဏ်ခွဲသွားပြီး စောင့်ဆိုင်းစရာမလိုဘဲ မိမိ၏ ရိုးမဘဏ် smart အကောင့်နှင့် လွယ်လင့်တကူ အွန်လိုင်းပေါ်မှတစ်ဆင့် ချိတ်ဆက်နိုင်တဲ့ နည်းပညာအသစ် ဖြစ်ပါတယ်။ အရင်က Wave နှင့် ရိုးမဘဏ် smart အကောင့် ချိတ်ဆက်လိုပါက ဘဏ်ခွဲသွား၍ လျှောက်လွှာတင်ပြီး အချိန်တစ်ခု စောင့်ဆိုင်းနေရာမှ ယခုဆိုရင် မိမိဘာသာ WavePay app မှတစ်ဆင့် အချိန်မရွေး ချိတ်ဆက် အသုံးပြုနိုင်ပြီ ဖြစ်ပါတယ်။ အကောင့်များ ချိတ်ဆက်ပြီးပါက smart အကောင့်မှ WavePay အကောင့်သို့ (အပြန်အလှန်) ငွေသွင်း ငွေထုတ် လုပ်ငန်းများ လွယ်ကူချောမောစွာ ဆောင်ရွက်နိုင်ပြီ ဖြစ်ပါတယ်။

Digital account linkage is the new, simple, easy, and instant technology to link your WavePay account and your Yoma bank's smart account online right on the WavePay app without having to visit a branch. Previously, this was not possible and you would have to go to nearest branch to link the accounts and wait up to a few days. You can transfer funds in and out of these accounts instantly now after the linkage.

## ၂။ ဒစ်ဂျစ်တယ် အကောင့် ချိတ်ဆက်ဖို့ အချိန်ဘယ်လောက် စောင့်ရသလဲ။
## How long does it take to link account digitally?

ဒစ်ဂျစ်တယ် အကောင့်တွေကို ချက်ချင်း ချိတ်ဆက်လို့ ရပါတယ်။ ဘဏ်အကောင့်၊ မိမိ၏ မှတ်ပုံတင်နှင့် မွေးနေ့ရက်စွဲများ မှန်ကန်စွာ ဖြည့်စွက်ထားပြီး OTP ကုဒ်လည်း မှန်ကန်တယ်ဆိုရင် သင့် WavePay အကောင့်နှင့် ရိုးမဘဏ် smart အကောင့်ဟာ ချက်ချင်းဆိုသလို ချိတ်ဆက်ပြီး ဖြစ်ပါလိမ့်မယ်။ စောင့်ဆိုင်းစရာ မလိုသလို အချိန်မရွေး လွယ်လင့်တကူ ချိတ်ဆက်နိုင်ပါတယ်။

Digital account linkage happens instantly. As long and soon as the bank and personal information you have provided and OTP code entered are correct, your WavePay account and Yoma Bank account are instantly linked. You do not have to wait and you can link it any time of the day at ease.

## ၃။ ရိုးမဘဏ် ဘယ်အကောင့်နဲ့ ချိတ်ဆက်လို့ရနိုင်ပါသလဲ။
## Which Yoma Bank account can I link with?

WavePay အသုံးပြုသူတွေအနေနဲ့ ရိုးမဘဏ်၏ smart အကောင့်နဲ့သာ ချိတ်ဆက်လို့ ရပါတယ်။

WavePay users can only link with Yoma's smart account.

### ၄။ WavePay အကောင့်နှင့် ရိုးမဘဏ် စာရင်းရှင် (သို့) ခေါ်ယူအပ်ငွေစာရင်း အကောင့်နှင့် ချိတ်လို့ရပါသလား။
### Can I link my WavePay account with Yoma bank's current account or call deposit account?

မရပါဘူး။ WavePay အကောင့်ကို ရိုးမဘဏ်၏ smart အကောင့်ဖြင့်သာ ချိတ်ဆက်နိုင်ပါတယ်။ WaveChannel app အသုံးပြုတဲ့ အေးဂျင့်တွေသာ စာရင်းရှင်အကောင့် သို့မဟုတ် ခေါ်ယူအပ်ငွေစာရင်းအကောင့်နှင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး ဘဏ်ခွဲသွား၍ လျှောက်လွှာတင်ရမှာ ဖြစ်ပါတယ်။

No, you cannot. WavePay users can only link their Yoma's smart account. WaveChannel agents can link with either their current account or call deposit account by applying at the branch.

### ၅။ Wave Agents တွေက Wave Pay app သုံးပြီး SMART နှင့် Wave ချိတ်ဆက်နိုင်ပါသလား။
### Can Wave Agents make linkage via WavePay app?

မရပါဘူး။ WavePay အကောင့်ကို ရိုးမဘဏ်၏ smart အကောင့်ဖြင့်သာ ချိတ်ဆက်နိုင်ပါတယ်။ WaveChannel app အသုံးပြုတဲ့ အေးဂျင့်တွေသာ စာရင်းရှင်အကောင့် သို့မဟုတ် ခေါ်ယူအပ်ငွေစာရင်းအကောင့်နှင့် ချိတ်ဆက်အသုံးပြုနိုင်ပြီး ဘဏ်ခွဲသွား၍ လျှောက်လွှာတင်ရမှာ ဖြစ်ပါတယ်။

No. Agents have to come to Branch to do so.  Wave Money has 2 apps_WaveChannel and WavePay. If agents are using WaveChannel app and they want to link bank accounts, it's BAU process_ they register as Wave agent, Wave team verifies them, approves them, then open Yoma current account and link them manually.]

### ၆။ အကောင့်ချိတ်ရာတွင် 'ချိတ်ဆက်မှု မအောင်မြင်ပါ' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ။
### It shows 'Linking Failed' when I try to link my account. Why?

'ချိတ်ဆက်မှု မအောင်မြင်ပါ' ဟု ပြသနေတာဟာ တစ်စုံတစ်ရာ မှားယွင်းမှုကြောင့် ချိတ်ဆက်မှု မအောင်မြင်ခြင်း ဖြစ်ပါတယ်။ မိနစ် အနည်းငယ်စောင့်ဆိုင်းပြီး နောက်တစ်ကြိမ် ကြိုးစားကြည့်ပါ။

'Linking Failed' is due to an unexpected error when trying to link the two accounts. Wait for a few minutes and try again.

### ၇။ အကောင့်ချိတ်ရာတွင် 'အကောင့်အမျိုးအစား မှားယွင်းနေပါသည်' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ?
### It shows 'Invalild Account Type' when I try to link my account. Why?

'အကောင့်အမျိုးအစား မှားယွင်းနေပါသည်' ဟု ပြသနေတာဟာ ဖြည့်သွင်းလိုက်တဲ့ အကောင့်နံပါတ်မှာ ရိုးမဘဏ်၏ smart အကောင့်နံပါတ် မဟုတ်ခြင်းကြောင့် ဖြစ်ပါတယ်။ အကောင့်နံပါတ်ကို သေချာပြန်စစ်ပြီး နောက်တစ်ကြိမ် ကြိုးစားကြည့်ပါ။

'Invalid Account type' is because the account number you have entered may be other account type at Yoma Bank, such as current account or call deposit account. Check the account type and try again.

### ၈။ အကောင့်ချိတ်ရာတွင် 'အကောင့်မှာ ယာယီပိတ်ထားပါသည်' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ?
### It shows 'Inactive Bank Account' when I try to link my account. Why?

'အကောင့်မှာ ယာယီပိတ်ထားပါသည်' ဟု ပြသနေတာဟာ ဖြည့်သွင်းလိုက်တဲ့ အကောင့်နံပါတ်မှာ အသုံးမပြုသော၊ အလုပ်မလုပ်သော ဘဏ်အကောင့် ဖြစ်နေခြင်းကြောင့် ဖြစ်ပါတယ်။ ရိုးမဘဏ် Call Center ၀၉ ၇၉၆ ၆၂၉ ၆၆၂ (သို့) နီးစပ်ရာဘဏ်ခွဲ သို့ ဆက်သွယ်ပါ။

'Inactive Bank Account' may be because this account has been suspended or closed. Please contact Yoma Bank Call Center 09 796 629 662 or go to the nearest branch.

### ၉။ အကောင့်ချိတ်ရာတွင် 'ချိတ်ဆက်ထားပြီး ဖြစ်ပါသည်' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ?
### It shows 'Already Linked' when I try to link my account. Why?

'ချိတ်ဆက်ထားပြီး ဖြစ်ပါသည်' ဟု ပြသနေတာဟာ ဖြည့်သွင်းလိုက်တဲ့ အကောင့်နံပါတ်မှာ ချိတ်ဆက်ပြီးသော အကောင့် ဖြစ်နေခြင်းကြောင့် ဖြစ်ပါတယ်။ အဲဒီအကောင့်နဲ့ သင် တစ်ခါမှ မချိတ်ဆက်ဘူးပါက Wave Call Center ၀၉၇ ၉၀၀၀ ၉၀၀၀ သို့ ဆက်သွယ်ပါ။

If 'Already Linked' message is displayed, it is because the same account has already been linked with a Wave account. If this was not you, please contact Wave Call Center 097 9000 9000.

### ၁၀။ အကောင့်ချိတ်ရာတွင် 'အကောင့် မတွေ့ရှိပါ' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ?
### It shows 'Bank Account Not Found' when I try to link my account. Why?

'အကောင့်မတွေ့ရှိပါ' ဟု ပြသနေတာဟာ ဖြည့်သွင်းတဲ့ အကောင့်နံပါတ်မှာ ရိုးမဘဏ်ရဲ့ အကောင့်နံပါတ် မဟုတ်တာကြောင့် ဖြစ်ပါတယ်။ ရိုးမဘဏ် အကောင့်နံပါတ် ဟုတ်မဟုတ် သေချာပြန်စစ်ဆေးပြီး နောက်တစ်ကြိမ် ကြိုးစားကြည့်ပါ။

'Bank Account Not Found' is displayed when the account number you have entered is not found at Yoma Bank. Check your account number and ensure it is from Yoma Bank and try again.

### ၁၁။ အကောင့်ချိတ်ရာတွင် 'မွေးသက္ကရာဇ် မတူညီပါ' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ?
### It shows 'DOB do not match' when I try to link my account. Why?

'မွေးသက္ကရာဇ် မတူညီပါ' ဟု ပြသနေတာဟာ WavePay အကောင့်ဖွင့်ထားတဲ့ မွေးနေ့ရက်စွဲနှင့် ရိုးမဘဏ် smart အကောင့် ဖွင့်ထားသောမွေးနေ့ရက်စွဲ မကိုက်ညီခြင်းကြောင့် ဖြစ်ပါတယ်။ Wave Call Center ၀၉၇ ၉၀၀၀ ၉၀၀၀ သို့ ဆက်သွယ်ပါ။

'DOB do not match' is displayed when the date of birth you registered on WavePay account and that of Yoma's smart account are not the same. Contact Wave Call Center 097 9000 9000 for more details.

### ၁၂။ အကောင့်ချိတ်ရာတွင် 'မှတ်ပုံတင် မတူညီပါ' ဟု ပြနေသည်။ ဘာကြောင့် ချိတ်မရတာလဲ?
### It shows 'NRC do not match' when I try to link my account. Why?

'မှတ်ပုံတင် မတူညီပါ' ဟု ပြသနေတာဟာ WavePay အကောင့်ဖွင့်ထားတဲ့ မှတ်ပုံတင်နှင့် ရိုးမဘဏ် smart အကောင့် ဖွင့်ထားတဲ့ မှတ်ပုံတင် မကိုက်ညီခြင်းကြောင့် ဖြစ်ပါတယ်. Wave Call Center ၀၉၇ ၉၀၀၀ ၉၀၀၀ သို့ ဆက်သွယ်ပါ။

'NRC do not match' is displayed when the national ID that you registered on WavePay account and that of Yoma's smart account are not the same. Contact Wave Call Center 097 9000 9000 for more details.

## ၁၃။ WavePay အကောင့်နဲ့ smart အကောင့် ဘယ်လို ချိတ်ဆက်ရတာပါလဲ။
## How do I link WavePay account and smart account?

WavePay app ထဲကို အရင်ဦးဆုံး ဝင်ပါ။ ငွေသွင်း/ထုတ် ကို နှိပ်ပါ။ "Add more banks" ကို နှိပ်ပါ။ ဘဏ်အကောင့် ချိတ်ဆက်ရန်မှာ YOMA Bank ကိုရွေးပါ။ smart အကောင့်နံပါတ် (၁၅) လုံး ကို ရိုက်ထည့်၍ ဆက်လုပ်ရန်ကို နှိပ်ပါ။ အချက်အလက်များကို ပြန်လည်စစ်ဆေး၍ မှန်ကန်ပါက ဆက်လုပ်ရန်ကို နှိပ်ပါ။ PIN ဂဏန်း (၄)လုံးကို ရိုက်ထည့်ပါ။ ဂဏန်း (၆)လုံး ရှိ OTP ကုဒ်ကို ရိုးမဘဏ်မှာ smart အကောင့်ဖွင့်ချိန်က စာရင်းသွင်းထားတဲ့ ဖုန်းနံပါတ်သို့ ပေးပို့ပါမယ်။ ပြီးနောက် OTP ကုဒ်ကို SMS မှ ကြည့်၍ ရိုက်ထည့်ပါ။ အဆင့်များ အားလုံးမှန်ကန်ပြည့်စုံလျှင် "ချိတ်ဆက်မှု အောင်မြင်ပါသည်" ဟူသော စာသားပေါ်လာမည် ဖြစ်ပြီး အကောင့်ချိတ်မှု ပြီးစီးမည် ဖြစ်ပါတယ်။

Log in to WavePay app first. Click 'Cash-in/out'. Click 'Add more banks'. Choose 'YOMA Bank' in the list. Enter smart account number and click Next. Check the information and if correct, click Next. Enter the 4-digit PIN for Wave account. Enter the 6-digit PIN that you receive via SMS. If all these steps are correct and done in timely manner, you will see a "Linkage successful' message and your accounts are now linked.

## ၁၄။ WavePay အကောင့်နဲ့ smart အကောင့် ချိတ်ထားတာ ပြန်ဖြုတ်ချင်တယ်။ ဘယ်လိုလုပ်ရသလဲ?
## How do I un-link WavePay account and smart account?

WavePay app ထဲကို အရင်ဦးဆုံး ဝင်ပါ။ ငွေသွင်း/ထုတ် ကို နှိပ်ပါ။ "YOMA Bank" ကို နှိပ်ပါ။ စာမျက်နှာ အောက်ဆုံးမှာ "ဘဏ်အကောင့်နှင့် လင့်ခ်ဖြုတ်ပါ" ကိုနှိပ်ပါ။ PIN ဂဏန်း (၄) လုံးကို ရိုက်ထည့်ပါ။ လင့်ခ်ဖြုတ်မှု အောင်မြင်ပြီးစီးမှာ ဖြစ်ပါတယ်။

Log in to WavePay app first. Click 'Cash-in/out'. Click 'Add more banks'. Choose 'YOMA Bank' in the list. Scroll down to the bottom and click 'Unlink bank account'. Enter the 4-digit PIN. Then unlinking is done successfully.

## ၁၅။ smart အကောင့်ထဲက ပိုက်ဆံကို WavePay အကောင့်ထဲ ဘယ်လိုရွှေ့ရသလဲ?
## How do I transfer money from SMART account to WavePay account?

smart အကောင့်မှ ပိုက်ဆံကို WavePay အကောင့်ထဲသို့ နည်း (၂) နည်းနဲ့ လွယ်ကူစွာ ရွှေ့နိုင်ပါတယ်။ ရိုးမဘဏ်၏ မိုဘိုင်းလ် app ထဲမှ Send Money ကနေဖြစ်ဖြစ်၊ WavePay app ထဲမှ smart အကောင့်နဲ့ လင့်ချိတ်ပြီး Cash-In ငွေသွင်းခြင်းနည်းနဲ့ပဲ ဖြစ်ဖြစ် ငွေရွှေ့ပြောင်းနိုင်ပါတယ်။

You can easily move funds from smart account to WavePay by two ways. You can use Yoma Bank mobile banking app and move funds via 'Send Money' function. Or you can use WavePay app and move funds via 'Cash-In'.

## ၁၆။ WavePay အကောင့်ထဲက ပိုက်ဆံကို smart account ထဲ ဘယ်လိုရွှေ့ရသလဲ?
## How do I move funds from WavePay account to smart account?

WavePay app ထဲကို အရင်ဦးဆုံး ဝင်ပါ။ ငွေထုတ်ကို နှိပ်ပါ။ YOMA Bank ကိုနှိပ်ပါ။ ထုတ်လိုတဲ့ ပမာဏကို ရိုက်ထည့်ပြီး ဆက်လုပ်ရန်ကို နှိပ်ပါ။ ပမာဏကို စစ်ဆေးပြီး သေချာပါက ဆက်လုပ်ရန်ကို နှိပ်ပါ။ PIN ဂဏန်း (၄)လုံးကို ရိုက်ထည့်ပါ။ WavePay အကောင့်ထဲမှ ပိုက်ဆံကို smart account ထဲသို့ ရွှေ့ပြောင်းခြင်း အောင်မြင်ပြီးစီးမှာ ဖြစ်ပါတယ်။

Log in to WavePay app first. Click 'Cash out'. Choose 'YOMA Bank'. Enter the amount you want to transfer and click Next. Check the information and if correct, click Next. Enter the 4-digit PIN for Wave account. After this, you have successfully transfer funds from WavePay account to smart account.